# ကျွန်တော် ဘာကြောင့် နိုင်ငံရေး လုပ်တာလဲ

(၁၄.၆.၂၀၂၀ တွင် ရေးသားသည်)

ကျွန်တော် နိုင်ငံရေး စလုပ်ကတည်းက အမြဲ အမေးခံရတဲ့ မေးခွန်းတစ်ခု ရှိတယ်။ အဲဒါက ဘာလို့ နိုင်ငံရေး လုပ်တာလဲ၊ အန္တရာယ်များတယ်၊ ဘာမှလည်း အကျိုးမရှိဘူး၊ အချိန်ကုန် ငွေကုန် လူပန်း၊ စသည်ဖြင့် မေးကြ ပြောကြတယ်။ ကျွန်တော် အမြဲတမ်း ဖြေတဲ့ အဖြေက တစ်ခုပဲ ရှိတယ်... အဲဒါက "စိတ်ဝင်စားပြီး ပျော်လို့"။ ဒီအဖြေက ကျွန်တော် နိုင်ငံရေးကို စစိတ်ဝင်စားတဲ့ ၂၀၀၇ ခုနှစ်ကနေပြီး အခုလက်ရှိ ၂၀၂၀ အထိ အတူတူပဲ။

ဒီအဖြေကို တချို့က မေးငေါ့ချင် ငေါ့မယ်၊ ရှုံ့ချချင်ချမယ်၊ မကောင်းပြောရင် ပြောမယ်။ မင်းရဲ့ အကြောင်းပြချက်ကလည်း ကလေးဆန်လိုက်တာ ... သူများတွေဆို နိုင်ငံကြီး ကောင်းအောင်လုပ်ဖို့တို့၊ နိုင်ငံကြီးကို ပြောင်းလဲပြစ်ဖို့တို့၊ ပြည်သူပြည်သားတွေ ဒုက္ခဆင်းရဲ ရောက်နေတာကို ကယ်တင်ဖို့တို့ ဆိုပြီး အကြောင်းပြချက် အကြီးကြီးတွေ ရှိတယ်၊ မင်းကျမှ ဘာမဟုတ်တဲ့ အကြောင်းပြချက်နဲ့လားဆိုပြီး...။

ကျွန်တော်က ဘယ်တော့မှ ကိုယ့်ကိုကိုယ် လိမ်ဖို့ မကြိုးစားဘူး၊ ကိုယ်စိတ်ထဲမှာ ဘာရှိလဲဆိုတာ အမှန်အတိုင်း မြင်အောင် အမြဲကြည့်တယ်။ ကိုယ်ဘာဖြစ်နေမှန်း မသိတာလောက် ဆိုးတာ မရှိဘူးလို့ ခံယူထားတာ။ ကိုယ်စိတ်ထဲမှာ အပေါ်က ပြောထားတဲ့ အတိုင်း ရှိနေတာကို တခြားဟာဆိုပြီးတော့ လိမ်မပြောဘူး။

ဒီတော့ ကျွန်တော် နိုင်ငံရေး လုပ်ရခြင်းသည် သူများတွေနဲ့ မတူ အလွန် ရိုးရှင်းတယ်။ စိတ်ဝင်စားတယ်... ဒါကြောင့် အမြဲလေ့လာပြီး အမြဲ စဉ်းစားနေတယ်၊ တခုခု လုပ်ဖို့ အမြဲ အားထုတ်တယ်။ ပျော်တယ်.. ဒီတော့ ဘာပဲ ဖြစ်ဖြစ် လုပ်တယ်၊ ဘယ်လောက် အခက်အခဲ ရှိရှိ ဆက်လုပ်တယ်။ သူများတွေကို အာဏာလိုချင်တာတို့၊ ငွေလိုချင်တာတို့၊ နာမည်ကြီးချင်တာတို့၊ ဘာဖြစ်ရမယ်တို့၊ ညာဖြစ်ရမယ်တို့ မရှိဘူး။ ကျွန်တော် ဘာမှ မလိုချင်တာကို ပါတီက သူတွေသာမေးကြည့်... ရာထူးတခုခု ပေးမယ်ဆိုတိုင်း ငြင်းတာ... ကိုယ့်ဟာကိုယ်မှ စားဝတ်နေရေးနဲ့ မအားတဲ့ဟာကို ပါတီအတွက် ဘာမှလည်း ဖြစ်ဖြစ်မြောက်မြောက် မလုပ်ပေးနိုင်ဘဲ ရာထူးကြီး ယူရတာ ရှက်ဖို့ ကောင်းတယ်လို့ကို ထင်တာ...။

အခု လက်ရှိ ရနေတဲ့ ပါတီတွင်း ရာထူးဆိုတာကလည်း ခဏခဏ လာလာပေးနေတာကို ငြင်းရင်း ငြင်းရင်း ကြာတော့ ကိုယ်လေးစားရတဲ့ လူကြီးတွေကို အားနာလာလို့ ယူလိုက်ရတာ။ ဒါတောင် ဘာမှ သေသေချာချာ လုပ်ပေးနိုင်တာ မဟုတ်ဘူး။ ရာထူးကြီးနဲ့ တခါ ခါ ရှက်ဖို့တောင် ကောင်းတယ်။

ထားလိုက်ပါတော့... ကျွန်တော်ရဲ့ နိုင်ငံရေး လုပ်နေရခြင်းရဲ့ တွန်းအားက အပေါ်က ပြောထားတဲ့ အချက်ပဲ။ ဒါဆိုရင် တခြားဟာ မရှိဘူးလားပေါ့... အဲဒီလိုကြီး ပြောလို့လဲ မရပြန်ဘူး။ ကျွန်တော်က လူတွေကို ကူညီရတာ ပျော်တယ်၊ ကိုယ့်ကြောင့် သူများတွေ အဆင်ပြေသွားတာ၊ ပိုကောင်းတဲ့ အဆင့် ရောက်သွားတာ၊ ဆင်းရဲ ဒုက္ခတွေ

နည်းသွားတာ တွေ့ရရင် အလွန်ပျော်တယ်။ ဒါ က နိုင်ငံရေးမှ မဟုတ်ဘူး၊ တခြားကိစ္စတွေလည်း အတူတူပဲ။ သူများကို စာသင်ပေးရတာပျော်တယ်၊ ကိုယ့်ကြောင့် သူများ တခုခု အသစ်သိသွားလို့ ဝမ်းသာရင် ကိုယ်လည်း လိုက်ဝမ်းသာတယ်။ ဒီလိုမျိုးပေါ့။

ဒါကြောင့်မို့လို့ အပေါ်က အချက် ၂ ချက်က အဓိက တွန်းအားဖြစ်ပြီး ကိုယ့်ကြောင့် သူများ ကောင်းမွန်သွားတာ၊ တိုးတက်သွားတာကို ဝမ်းသာတာက ထပ်တိုးတွန်းအား ဖြစ်လာတယ်။ ကိုယ့်အတ္တကို အခြေပြုပြီး အတ္တ+ပရ နဲ့ တွန်းအားပေးနေတယ်လို့ ပြောလို့ရတယ်။

ဟုတ်တယ်လေ… ကိုယ်စိတ်မဝင်စားတဲ့ ကိစ္စ၊ မပျော်တဲ့ ကိစ္စကို ဘယ်သူကများ အကြာကြီး လုပ်မှာလဲ။ လူတွေရဲ့ စီးပွားရေးတိုးတက်စေချင်တယ်ဆို ဘာလို့ အများအကျိုးကြည့်တဲ့ စီးပွားရေးလုပ်ငန်းရှင်တို့၊ စီးပွားရေးအကြံပေးတို့၊ စီးပွားရေး မူဝါဒရေးဆွဲသူတို့ မလုပ်ဘဲ နိုင်ငံရေးသမား လုပ်နေလဲ၊ ကလေးတွေ ပညာရေးတိုးတက်စေချင်တယ်ဆို ဘာလို့ ကျောင်းဆရာ၊ ဆရာမတို့၊ ပညာရေး သင်ရိုးရေးဆွဲသူတို့ မလုပ်ဘဲ နိုင်ငံရေးသမား လုပ်နေလဲ၊ လူတွေ ဒုက္ခရောက်တာ ကူညီဖို့ဆိုရင် ဘာလို့ ပရဟိတသမား မလုပ်ဘဲ နိုင်ငံရေးသမား လုပ်နေလဲ။ နောက်ဆုံးတော့ ဘာတွေပဲ ကြီးကြီးကျယ်ကျယ် ပြောပြော ကိုယ်လုပ်ချင်လို့ ဆိုတဲ့ အတ္တကိုပဲ အခြေခံကြတာမလား။ ဘယ်သူမှ အဲဒါကို ဝန်မခံဘူး၊ အကြီးကြီးတွေပဲ လျှောက်ပြောနေတယ်… ဒါပေမယ့် ကျွန်တော်ကတော့ ဝန်ခံတယ်။ ကိုယ်လုပ်ချင်လို့ လုပ်တာ၊ ကိုယ်လုပ်ချင်တာ လုပ်ပြီး သူများကောင်းသွားတာ တွေ့ရတာ ဘယ်လောက် ပျော်ဖို့ ကောင်းလဲ။

ကိုယ်စိတ်မဝင်စားတဲ့ အလုပ်၊ ကိုယ်မပျော်တဲ့ အလုပ်ကို လုပ်ရတဲ့သူ ဘယ်သူမဆို အဲဒီ အလုပ်မှာ မအောင်မြင်ဘူး၊ ကြာကြာမခံဘူး၊ သက်ဆိုင်တဲ့ တန်ဖိုးတွေကို အလေးမထားဘူး။ မကောင်းတဲ့ နိုင်ငံရေးသမားတွေဆိုတာ အဲဒီလိုပဲ ပေါ်လာတယ်လို့ ကျွန်တော်ကတော့ ယူဆတယ်။ စကတည်းက ဟိုဟာဖြစ်ချင်လို့၊ ဟိုဟာရမှ၊ ဒါဖြစ်မှ ဆက်လုပ်မယ်တို့ ဆိုတာနဲ့ စခဲ့ရင် နောက် ဘာဖြစ်မလဲ စဉ်းစားကြည့်ပေါ့ဗျာ….

ဒါကတော့ ကျွန်တော် ဘာကြောင့် နိုင်ငံရေး လုပ်နေလဲ ဆိုတဲ့ အဖြေပဲ…